# ဖွံ့ဖြိုးမှု သတင်းလွှာ

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်

UNDP

Empowered lives.
Resilient nations.

ပထမ လေးလပတ် ( ၂၀၁၆ )


UNDP 50 YEARS

Empowered lives. Resilient nations.



# ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် ရေနာ့တား ဒေဆာလျို၏ အမှာစကား

၂၀၁၆ ခုနှစ်သည် မြန်မာသမိုင်းတွင် အခွင့်လမ်းကောင်းများ ကြုံတောင့်ကြုံခဲ ပေါ်ပေါက်လာချိန် ဖြစ်ပါသည်။ သမိုင်းဝင် ဒီမိုကရေစီရွေးကောက်ပွဲနှင့်အတူ ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းနိုင်ခြင်း၊ ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် သာယာရေးတို့ အတွက် အခွင့်အလမ်းများ ပေါ်ထွန်းလာခြင်း၊ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးမြှင့်တင်မှုများ ဆောင်ရွက်ရန် အခြေအနေများ ပေါ်ထွန်းလာခြင်းကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရပါသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (မြန်မာ)၏ ကိုယ်စား ကျွန်ုပ်အနေဖြင့် မြန်မာနိုင်ငံဒီမိုကရေစီ အသွင်ကူးပြောင်းမှု ဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ အားလုံးကို ချီးကျူးဂုဏ်ပြုကြောင်း ပြောကြားလိုပါသည်။ ၂၀၁၅ ခုနှစ်တွင် ကျင်းပခဲ့သော အထွေထွေ ရွေးကောက်ပွဲများ၏ ရလဒ်နှင့်အညီ နိုင်ငံတော်၏ တာဝန်များကို ငြိမ်းချမ်းစွာ လွှဲပြောင်းရာတွင် ပါဝင်သူ အားလုံးကို အသိအမှတ်ပြုဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။ ဖြစ်ပေါ်လာသော အပြောင်းအလဲများနှင့်အညီ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်သည် ဒီမိုကရေစီအုပ်ချုပ်ရေး၊ ဒေသန္တရ အုပ်ချုပ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အုပ်ချုပ်ရေးကဏ္ဍများ တောင့်တင်းခိုင်မာစေရန် ဆက်လက်၍ ပံ့ပိုးသွားမည် ဖြစ်ပါသည်။

“ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်သည် ဒီမိုကရေစီ အုပ်ချုပ်ရေး၊ ဒေသန္တရ အုပ်ချုပ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အုပ်ချုပ်ရေး ကဏ္ဍများ တောင့်တင်း ခိုင်မာစေရန် ဆက်လက်၍ ပံ့ပိုးသွားမည်ဖြစ်ပါသည်။ ”

ထို့အပြင် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ခိုင်မာတောင့်တင်းရေးအတွက် ရည်ရွယ်၍ တရားစီရင်ရေး၊ တရားဥပဒေ

> " ကျား မ တန်းတူညီမျှမှုသည် ဖွံ့ဖြိုးတိုးတက်ရေးတွင် အလွန်အရေးကြီးသဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်သည် အမျိုးသမီးများပါဝင် လုပ်ကိုင်နိုင်စွမ်းရှိလာရေး အတွက်လည်း အထူးအလေးပေး ဆောင်ရွက်နေပါသည်။ "

ပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍတို့တွင် ပံ့ပိုးမှုများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူအားလုံး အကျိုးခံစားခွင့် ရရှိစေမည့် ဖွံ့ဖြိုးတိုးတက်မှု ရရှိရန် တာဝန်ရှိသူများနှင့် လက်တွဲ၍ ဆောင်ရွက်လျက်ရှိပါ သည်။ တရားစီရင်ရေး ကဏ္ဍတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်သည် အစိုးရဌာနများနှင့် လက်တွဲကာ တရား ဥပဒေ စိုးမိုးရေးနှင့် မျှတသော တရားစီရင်ရေး၏ အကျိုး ကျေးဇူးကို ပြည်သူတို့ ခံစားခွင့် မြင့်မားလာစေရန် ဆောင် ရွက်လျက် ရှိပါသည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ပထမဆုံး မဟာဗျူဟာ စီမံကိန်းကို ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်၏ နည်းပညာ အကူအညီဖြင့် ပြုစုခဲ့ပြီး ဖြစ်ပါသည်။ တရားရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများသည် မြန်မာနိုင်ငံ တရားဥပဒေစိုးမိုး ရေးကို အထောက်အကူပြုမည် ဖြစ်သည်။

ထို့ပြင် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်သည် ဥပဒေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားရေး ကိုလည်း အားပေးကူညီလျက် ရှိပါသည်။ ပြည်ထောင်စု လွှတ်တော် အစည်းအဝေးပွဲများ မစတင်မီ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ အစောပိုင်းတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်သည် နိုင်ငံတကာပါလီမန်များအဖွဲ့နှင့် မိတ်ဖက်ပြုကာ လွှတ် တော်ကိုယ်စားလှယ်သစ်များအတွက် လွှတ်တော်ဆိုင်ရာ လုပ်ငန်းများ မိတ်ဆက်ရှင်းလင်းခြင်း အစီအစဉ်ကို ကျင်းပ နိုင်စေရန် မြန်မာလွှတ်တော်ကို ကူညီခဲ့ပါ သည်။

တစ်ချိန်တည်းမှာပင် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် သည် အစိုးရအဖွဲ့အစည်းများအနေဖြင့် ပြည်သူလူထု ၏ လိုအပ်ချက်များကို ထိရောက်စွာ ဖြည့်ဆည်းနိုင်စေရန်နှင့် ဝန်ဆောင်မှုများ ထိရောက်စွာ ပေးစွမ်းနိုင်စေရန် ကူညီလျက် ရှိပါသည်။ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် ပူးပေါင်း ညှိနှိုင်းကာ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ် အခြေအနေ လေ့လာမှုကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၂၀၁၄ - ၁၅ ခုနှစ်တွင် ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ဝန်ဆောင်မှုများကို ပိုမို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် စုပေါင်း ဝန်ဆောင်မှုရုံး ၃၁၆ ရုံးကိုလည်း ဖွင့်လှစ်နိုင်စေရန် ကူညီ ခဲ့ပါသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်သည် ရာသီဥတု ပြောင်းလဲမှုများနှင့် ဘေးအန္တရာယ် ကျရောက်နိုင်မှု လျော့ ပါးရေးကို ဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အုပ်ချုပ်ရေးကဏ္ဍကို မြှင့်တင်ရန် မြန်မာနိုင်ငံတော်အစိုးရနှင့် လက်တွဲ၍ ဆောင်ရွက်လျက် ရှိပါသည်။ အပူပိုင်းဒေသတွင် မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျော ညီထွေ ဆောင်ရွက်ရေးပထမဆုံး စီမံကိန်းကို အကောင် အထည်ဖော် ဆောင်ရွက်ပြီး ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ် သည့်စိုက်ပျိုးမှုနှင့် ရေအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ အကျိုးသက်ရောက်မှုများကို တုံ့ပြန်ရင်ဆိုင်နိုင်စေရန် တောင်သူများကို ကူညီပေးနေပါသည်။ အင်းလေးကန် တွင်လည်း ဒေသခံပြည်သူများနှင့် အတူ အင်းလေးကန်၏ သဘာဝသယံဇာတများကို စနစ်တကျ စီမံခန့်ခွဲပေးမည့် အင်းလေးကန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Inle Lake Authority) ကို ဖွဲ့စည်း တည်ထောင်၍ ကူညီလျက် ရှိပါသည်။

ကျားမ တန်းတူညီမျှမှုသည် ဖွံ့ဖြိုး တိုးတက်ရေး တွင် အလွန်အရေးကြီးသဖြင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီ အစဉ်သည် အမျိုးသမီးများ ပါဝင် လုပ်ကိုင်နိုင်စွမ်းရှိလာရေး အတွက်လည်း အထူးအလေးပေး ဆောင်ရွက်နေပါသည်။ နိုင်ငံတကာအမျိုးသမီးများနေ့တွင် မြန်မာ့ကျေးလက်အမျိုး သမီးများကို အသိပညာဗဟုသုတ၊ စိတ်ဓာတ် ခွန်အား၊ အရင်းအမြစ်များနှင့် ချိတ်ဆက်ပေးထားသည့် iWomen မိုဘိုင်းဆော့ဖ်ဝဲလ်ကို မိတ်ဆက် ပေးခဲ့ပါသည်။ သတင်း အချက်အလက်၊ ဆက်သွယ်ရေး နည်းပညာနှင့် လူမှု ကွန်ရက် ချိတ်ဆက်မှုတို့ကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် ကျေးလက်နှင့် မြို့ပြကြား အသိပညာ ဗဟုသုတ ကွာဟမှုကို လျှော့ချနိုင်မည် ဖြစ်ပါသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်သည် ပဋိပက္ခဒဏ် သင့်လူထုကို တိုက်ရိုက် ဦးတည်ကာ ရပ်ရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးနေသလို ဆန့်ကျင် ဘက် သို့မဟုတ် သီးခြားစီရှိနေသော အုပ်စုများကြား ယုံကြည်မှုများ တိုးပွားလာစေရန်အတွက် အသက်မွေးမှု လုပ်ငန်းများအား နည်းလမ်းအထောက်အကူတစ်ခုအဖြစ် အသုံးပြုကာ ဆောင်ရွက်ပေးနေပါသည်။

ယခုအခါ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘော တူစာချုပ်အား လက်မှတ်ရေးထိုးထားပြီး ဖြစ်သဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်သည် နိုင်ငံအဆင့်ဆက်စပ် ပတ်သက်သူများနှင့် လက်တွဲကာ ငြိမ်းချမ်းရေး တည် ဆောက်မှု လုပ်ငန်းစဉ်အား ပံ့ပိုးကူညီပေးသည့် လုပ်ငန်း

များကို တိုးမြှင့် လုပ်ဆောင်ပေးသွားရန် ကတိပြုထားရာ နိုင်ငံရေး ဆွေးနွေးဖလှယ်မှုများ၊ ငြိမ်းချမ်းရေးတည်ဆောက်မှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲမှုများနှင့် ပြန်လည်ရင်ကြားစေ့ရေးတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်၏ ကမ္ဘာအဝန်း ကျယ်ပြန့် များပြားလှသော အတွေ့အကြုံများကို ထည့်သွင်းအသုံးချသွားမည် ဖြစ်ပါသည်။

အထက်ဖော်ပြပါ သာဓကများသည် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်၏ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော ဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များအနက်မှ အချို့သာ ဖြစ်ပါသည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီစဉ်သည် မြန်မာနိုင်ငံတော်အစိုးရ၊ မြန်မာ့အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့်သာမက နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များနှင့်ပါ ပူးပေါင်းလက်တွဲ၍ ဒေသန္တရအခြေအနေကို သိရှိနားလည်မှုနှင့် နိုင်ငံတကာ အတွေ့အကြုံများ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ တန်ဖိုးများ၊ စံသတ်မှတ်ချက်များကို ပေါင်းကူးပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေပါသည်။

ယခုနှစ်တွင် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် လုပ်ငန်းများ ဆောင်ရွက်နေသော ကမ္ဘာ တစ်ဝန်းရှိ နိုင်ငံနှင့် နယ်မြေ ဒေသပေါင်း ၁၇၀ နီးပါးတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် တည်ထောင်ခြင်း နှစ် ၅၀ ပြည့် အခမ်းအနားများကို ကျင်းပနိုင်ခဲ့ပါသည်။ ဤထူးကဲသော ကာလတွင် ကျွန်ုပ်အနေဖြင့် မြန်မာနိုင်ငံရှိ ပြည်သူများအားလုံးအတွက် ရေရှည်တည်မြဲသော ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် တရားမျှတမှုရရှိရေး ဆောင်ရွက်ရာတွင် လိုအပ်မည့်ကူညီမှုများကို ဆက်လက်၍ ပံ့ပိုးသွားမည် ဖြစ်ကြောင်း ထပ်လောင်း ပြောကြားအပ်ပါသည်။

# လွှတ်တော်ဆိုင်ရာလုပ်ငန်းများ မိတ်ဆက်ရှင်းလင်းခြင်း ငါးရက်တာ အစီအစဉ် ပြီးဆုံးပြီးနောက် လွှတ်တော်ကိုယ်စားလှယ်များသည် ရှေ့ဆက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအတွက် ပြင်ဆင်နိုင်ခဲ့



" လွှတ်တော်ဆိုင်ရာ လုပ်ငန်းများအား မိတ်ဆက်ရှင်းလင်းသည့် အစီအစဉ်သည် လွှတ်တော်တွင် ကိုယ်စားပြု ပါဝင်နေသည့် နိုင်ငံရေးပါတီများအားလုံးမှ ကိုယ်စားလှယ်များအတွက် ဒီဗိုင်းပုံစံရေးဆွဲကာ ကျင်းပပေးခဲ့သော အစီအစဉ် တစ်ခု ဖြစ်ပါသည်။ "

လွှတ်တော် ဆိုင်ရာ လုပ်ငန်းများ မိတ်ဆက် ရှင်းလင်းခြင်း ငါးရက်တာ အစီအစဉ်သည် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ကျင်းပပြီးစီး ခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ်သစ်အများစုပါဝင်သည့် မြန်မာ့လွှတ်တော်သည် ယင်း၏ ဥပဒေပြုရေး၊ ကိုယ်စားပြုရေးနှင့် စောင့်ကြည့်လေ့လာရေး တာဝန်များကို စတင်ထမ်းဆောင်တော့မည့်

အချိန်တွင် ဤအစီအစဉ်သည် များစွာ အထောက်အကူ ဖြစ်ခဲ့ပါသည်။ ဒုတိယအကြိမ် လွှတ်တော်၏ ကိုယ်စားလှယ် များအတွက် စွမ်းဆောင်ရည် မြှင့်တင်မှုလုပ်ငန်းများကို ရေရှည်ဆောင်ရွက်ပေးသွားမည် ဖြစ်ရာ ဤအစီအစဉ်သည် ပထမခြေလှမ်းပင် ဖြစ်ပါသည်။

လွှတ်တော်ဆိုင်ရာ လုပ်ငန်းများအား မိတ်ဆက်ရှင်း လင်းသည့် အစီအစဉ်သည် လွှတ်တော်တွင်းတွင် ကိုယ်စားပြု ပါဝင်နေသည့် နိုင်ငံရေးပါတီများအားလုံးမှ ကိုယ်စားလှယ်များ အတွက် ဒီဇိုင်းပုံစံရေးဆွဲကာ ကျင်းပ ပေးခဲ့သော အစီအစဉ် တစ်ခု ဖြစ်ပါသည်။

" လွှတ်တော်ကိုယ်စားလှယ်တွေ အားလုံးအတွက် သူတို့ရဲ့ လုပ်ငန်းတာဝန်တွေကို ထမ်းဆောင်နိုင်ဖို့ပြင်ဆင် ပေးခြင်းအားဖြင့် ခိုင်မာအားကောင်းတဲ့ လွှတ်တော်ကြီးကို တည်ဆောက်တဲ့နေရာမှာ၊ ပြည်သူတွေနဲ့ နိုင်ငံတော် အတွက် ဒီမိုကရေစီစနစ်ကို ကူးပြောင်းတဲ့နေရာမှာ အထောက် အကူ ဖြစ်လိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါ တယ် " ဟု ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမှ ပြောကြားခဲ့ ပါသည်။

"ကျွန်တော်တို့ရဲ့ မဲဆန္ဒရှင်ပြည်သူတွေကို ဘယ်လို ကိုယ်စားပြုရမယ်ဆိုတာနဲ့ အစိုးရကို ဘယ်လို အပြန်အလှန် ထိန်းကျောင်းရမယ်ဆိုတဲ့ အတွေ့အကြုံတွေကို ကျွန်တော် ရရှိခဲ့ပါတယ်" ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါက်တာဝေဖြိုးအောင်က ပြောကြားသွားပါသည်။

“ ကျွန်တော်တို့ရဲ့ မဲဆန္ဒရှင်ပြည်သူတွေကို ဘယ်လို ကိုယ်စားပြုရမယ်ဆိုတာနဲ့ အစိုးရကို ဘယ်လို အပြန်အလှန် ထိန်းကျောင်းရမယ်ဆိုတဲ့ အတွေ့အကြုံတွေကို ကျွန်တော် ရရှိခဲ့ပါတယ်။ ”

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီး အပြီး တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ၈၇%သည် လူသစ်များ ဖြစ်သွားသော ကြောင့်၎င်းတို့၏ ဥပဒေပြုရေး၊ ကိုယ်စားပြု ရေးနှင့် စောင့်ကြည့်လေ့လာမှု လုပ်ငန်းတာဝန်များ အတွက် လေ့လာသင်ယူခွင့်များ ရရှိအောင် လွှတ်တော်မှ ဆောင်ရွက်ပေးရန် အရေးကြီးလာပါသည်။

ယခုတစ်ပတ်အတွင်း ရရှိခဲ့သည့် အသိပညာဗဟုသုတ များပေါ်တွင် အခြေပြုကာ ဆက်လက် လေ့လာသင်ယူသွား ရမည် ဖြစ်ပါသည်။

"လွှတ်တော်ကိုယ်စားလှယ်အသစ်တွေထဲက အများစု ဟာ အတွေ့အကြုံမရှိကြသေးတဲ့အတွက် တခြားတိုင်းပြည် တွေနဲ့ ပထမအကြိမ် လွှတ်တော်က ကိုယ်စားလှယ်တွေရဲ့ အတွေ့အကြုံတွေကို သင်ယူခွင့်ရတာဟာ ကျွန်မတို့ အတွက် အများကြီးအကျိုးရှိပါတယ်။ ကျွန်မတို့ဟာ အလုပ်တွေကို ချောချောမွေ့မွေ့ လုပ်ဆောင်နိုင်မှာဖြစ်ပြီး တခြား ကိုယ်စားလှယ်တွေရဲ့ အတွေ့အကြုံတွေကနေ သင်ယူခြင်းအားဖြင့် မလိုလားအပ်တဲ့ အမှားတွေကိုလည်း ရှောင်ရှားနိုင် မှာဖြစ်ပါတယ်" ဟု ရခိုင်အမျိုးသားပါတီမှ အမျိုးသားလွှတ် တော်ကိုယ်စားလှယ် ဒေါ်ထွန်းမေက ပြောပြသွားပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယခုတစ်ပတ် အတွင်း ရရှိခဲ့သည့် အသိပညာဗဟုသုတများကိုအခြေခံကာ လေ့လာသင်ယူမှုများကို ရေရှည်ဆက်လက်လုပ်ဆောင် သွားနိုင်ရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ် များအား UNDP ၏ အကူအညီဖြင့် လွှတ်တော်သင်ကြား ရေးဌာနမှ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ထိုအစီအစဉ်များတွင် ကျွမ်းကျင်သူများမှ ပို့ချပေးသော သင်တန်းများ၊ နှီးနှောဖလှယ်ပွဲများနှင့် လက်တွေ့ အသုံးချသင်တန်းများ ပါဝင်မည် ဖြစ်ပါသည်။ မိတ်ဆက်ရှင်းလင်းမှုအစီအစဉ် ကျင်းပနေစဉ်နှင့် ကျင်းပ ပြီးနောက်ပိုင်းတွင် ၎င်းတို့အနေဖြင့် လေ့လာသင်ယူရန် လိုအပ်သည်ဟု ကိုယ်စားလှယ်များကိုယ်တိုင်မှ သတ်မှတ် ဖော်ထုတ်ပေးလိုက်သော မူဝါဒဆိုင်ရာဦးစားပေး နယ်ပယ် များမှ ကျွမ်းကျင်မှုနှင့် အသိပညာဗဟုသုတများအား ထိုအစီအစဉ်များ၊ သင်တန်းများတွင် မြှင့်တင်ပေးနိုင်မည် ဖြစ်ပါသည်။

ဤအစီအစဉ်အား ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) နှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) ၏ ပံ့ပိုး ကူညီမှုဖြင့် လွှတ်တော်မှ စီစဉ်ကျင်းပပေးခဲ့ခြင်း ဖြစ်ပါသည်။ ဩစတြေးလျ၊ ဘူတန်၊ ဟောင်ကောင်၊ မလေးရှား၊ နယူးဇီလန်၊ ပါကစ္စတန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ တီမောနှင့် ယူကေ အပါအဝင် နိုင်ငံပေါင်း ၉ နိုင်ငံမှ လက်ရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ကိုယ်စားလှယ်ဟောင်းများ က ပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့ကြပါသည်။ UNDP နှင့် IPU သည် မြန်မာလွှတ်တော်အတွက် အဖွဲ့အစည်း ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းဆောင်ရည် မြှင့်တင် မှုများအား ၂၀၁၃ ခုနှစ်မှ စတင်ကာ ဖင်လန်၊ ဆွီဒင်နှင့် ယူကေအစိုးရများထံမှ ရန်ပုံငွေများဖြင့် ကူညီပံ့ပိုးပေး နေခဲ့ခြင်း ဖြစ်ပါသည်။



# သဘာဝဘေးသင့်လူထု၏

## ဘေးရန် ခုခံနိုင်စွမ်း မြင့်မားစေရန် ကူညီပံ့ပိုးခြင်း

"နှစ်ပတ် ကြာအောင် ဆက်တိုက် ရွာတဲ့ မုတ်သုံမိုးကြောင့် မြေပြိုကျပြီး အဘတို့ရွာအပါအဝင် ကျေးရွာတွေနဲ့ ဟားခါးမြို့တော်ကို ဆက်သွယ်ထားတဲ့ ကျေးလက်လမ်း ပျက်စီးသွားပါတယ်။ အဘ အသက် ၆၂ နှစ် အတွင်း တွေ့ဖူး ကြုံဖူးသမျှ အထဲမှာတော့ အဆိုးရွားဆုံး မြေပြိုကျမှုပါပဲ" ဟု ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ လောက်လွန်းကျေးရွာမှ ဦးဟရမ်လျန်ခွာ က ၂၀၁၅ ခုနှစ် ဇူလိုင်တွင် သည်းထန်စွာ ရွာသွန်းခဲ့သော မုတ်သုံမိုး၏ နောက်ဆက်တွဲ မြေပြိုကျမှုနှင့် ရေကြီးနစ်မြုပ်ခြင်းတို့၏ သက်ရောက်မှုများကို ပြောပြသည်။

ထိုဘေးရန် ကျရောက်မှုကြောင့် မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခု အနက်မှ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၂ ခု တို့တွင် ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပွားခဲ့ပြီး၊ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုနှုန်း အမြင့်မားဆုံး ပြည်နယ်နှစ်ခုဖြစ်သည့် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့တွင် ပြင်းထန်သော အကျိုးဆက်များ ဖြစ်ပေါ်ခဲ့ပါသည်။

ဦးဟရမ်လျန်ခွာ က "မြေပြိုကျမှု ဖြစ်ပွားပြီးတဲ့နောက်မှာ အဘတို့ အမြဲတမ်းသွားလာနေရတဲ့ လမ်းမကြီး ပျက်စီးသွားတော့ ဟားခါးမြို့ကို သွားပြီး လယ်ယာနဲ့သစ်တော ထွက်ကုန်တွေကို ရောင်းလို့ ဝယ်လို့မရတော့ဘူး။ တစ်ပတ်လောက် ကြာပြီး တဲ့နောက် ဟားခါးက ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် ဝန်ထမ်းတွေ ရွာကို ရောက်လာပြီး ပျက်စီးသွားတဲ့ လမ်းကို ပြုပြင်ဖို့ ရွာသားတွေနဲ့ တိုင်ပင်ကြတယ်" ဟု သူ့အတွေ့အကြုံကို ပြန်ပြောင်း ပြောပြသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်သည် ရပ်ရွာလူထုနှင့် တိုင်ပင်ဆွေးနွေးကာ လောက်လွန်းကျေးရွာနေ လူထု အတွက် အကျိုးရှိစေမည့် အလုပ်ပေးငွေယူ (Cash for Work) အစီအစဉ်ကို ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။

ထိုအစီအစဉ်များကို ဆောင်ရွက်ခြင်းကြောင့် ဘေးသင့် လူထု၏ ဝင်ငွေပြတ်လပ်မှု အခက်အခဲများကို လျော့ပါး သက်သာစေခဲ့ပြီး၊ ယင်းတို့၏ လတ်တလောလို အပ်ချက်များ ကို ဖြည့်ဆည်းနိုင်ရုံမျှသာမက ဘေးရန်ကြောင့် ပျက်ဆီး ဆုံးရှုံးခဲ့ရသော ဆည်မြောင်းများကိုလည်း ပြုပြင်ပေးနိုင်ခဲ့ပါ သည်။

"လမ်းပြုပြင်ရေး စီမံချက် လုပ်လိုက်တာကြောင့် ရွာသူ ရွာသား ၄၀၀ ကျော်အတွက် တစ်နေ့လုပ်အားခ ၇၀၀၀ ကျပ် နှုန်းရတဲ့ ရေတို အလုပ်အကိုင်တွေ ဖန်တီး ပေးနိုင်ခဲ့ တာပေါ့။ အမျိုးသားတွေရော၊ အမျိုးသမီးတွေရော တန်းတူ လုပ်တဲ့ အလုပ်တွေအတွက် လုပ်ခလည်း တန်းတူ ရကြပါတယ်။ မြေပြိုပြီးတဲ့ နောက်ပိုင်းမှာ အဘတို့တွေအတွက် အလုပ် မရှိဘူးလေ။ ဒီလို ခက်ခဲနေတဲ့ အချိန်မျိုးမှာ အဘတို့အတွက် အရမ်းကို အဆင်ပြေသွားတာပေါ့။ အခုတော့ အဘတို့ရွာက လူတွေရော တခြားရွာနီးချင်းက လူတွေပါ ဒီလမ်းကို ပြန်ပြီး အသုံးပြုလို့ရနေပါပြီ" ဟု ဦးဟရမ်လျန်ခွာက ပြောသည်။

ထို့ပြင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်သည် ဘေး အန္တရာယ်ကျရောက်ပြီး ရက်သတ္တပတ် အနည်းငယ် အတွင်းမှာပင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်စတင်နိုင်စေရန် လူထုကို ကူညီခဲ့ပါသည်။ အထူး

> " မြေပြိုကျပြီးတဲ့နောက်မှာ အဘတို့ အမြဲတမ်း သွားလာ နေရတဲ့ လမ်းမကြီး ပျက်စီး သွားတော့ ဟားခါးမြို့ကို သွားပြီး လယ်ယာနဲ့ သစ်တောထွက်ကုန်တွေကို ရောင်းလို့ ဝယ်လို့ မရတော့ဘူး။ တစ်ပတ်လောက် ကြာပြီးတဲ့နောက် ဟားခါးက ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် ဝန်ထမ်းတွေ ရွာကို ရောက်လာပြီး ပျက်စီးသွားတဲ့ လမ်းကို ပြုပြင်ဖို့ ရွာသားတွေနဲ့ တိုင်ပင်ကြတယ်။ "

သဖြင့်ဝေးသင့် ကျေးရွာများမှ အမျိုးသမီးဦးဆောင် အိမ်ထောင်စုများသည် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည် စတင်နိုင်ရန် အတွက် ထောက်ပံ့ကြေးငွေများ ရရှိခဲ့ကြပါသည်။

လောက်လွှန်းကျေးရွာမှ အမျိုးသမီး အိမ်ထောင်ဦးစီး ဒေါ်ဒွေးဘန်းသည် မြေပြိုချိန်တွင် သူမ၏ အာလူးနှင့် ပြောင်းဖူးခင်းအချို့ ဆုံးရှုံးခဲ့ရပါသည်။ ဘေးရန်ကျရောက်ပြီးနောက် စားနပ်ရိက္ခာအခက်အခဲကို ဖြေရှင်းရန် ဒေါ်ဒွေးဘန်း အခက်တွေ့ခဲ့ရသည်။

ချင်းအမျိုးသမီး တစ်ဦးဖြစ်သူ ဒေါ်ဒွေးဘန်းက "စိုက်ပျိုးရေးလုပ်ဖို့ ငွေ ၁၂၅,၀၀၀ ကျပ် ( အမေရိကန်ဒေါ်လာ ၁၀၀ ခန့် ) ကို ကျွန်မ ရခဲ့ပါတယ်။ အဲဒီငွေက ကျွန်မအတွက် တကယ်ကို လိုအပ်နေတာပါ။ မြေကိုပြုပြင်ဖို့နဲ့ အာလူးမျိုးစေ့တွေ ဝယ်ဖို့ ကျွန်မ ငွေလိုနေတာ။ အခုဆိုရင် ကျွန်မရဲ့ ယာခင်းမှာ အာလူးတွေ စိုက်ထားပါတယ်။ ကျန်တဲ့ပိုက်ဆံနဲ့ မြေလည်းခတ် နိုင်ခဲ့တယ်" ဟု ပြောပါသည်။

"၂၀၁၆ ခုနှစ် ဖွန်လလောက်ဆိုရင် အာလူးတွေ ဖော်လို့ ရပြီပေါ့။ အာလူးအတွက် ကောင်းမယ်ဆိုတာ သေချာပါတယ်။ အာလူးပေါ်ရင်တော့ အသားတင် ကျပ် ၁၅၀,၀၀၀ (အမေရိကန် ဒေါ်လာ ၁၂၅ ခန့်) လောက် ကျန်မယ်လို့ ထင်တယ်။ အဲဒီအပြင် အာလူး မျိုးစေ့တွေလည်း ရလာမှာဆိုတော့ နောက်နှစ်အတွက်လည်း မပူရတော့ဘူးပေ့ါ" ဟု ဒေါ်ဒွေးဘန်းက ဆိုသည်။

မြန်မာနိုင်ငံ၊ ချင်းပြည်နယ်ရှိ ဘေးသင့် ကျေးရွာများမှလူဦးရေ ၆,၃၀၀ ကျော်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်၏ ဆောလျင်စွာ ပြန်လည် ထူထောင်ရေး အစီအစဉ်မှ အကျိုးကျေးဇူးများ ရရှိခံစား ခဲ့ရပါသည်။ အကျိုးကျေးဇူး ခံစားခွင့် ရရှိသူများ အနက်မှ ၅၀ ရာခိုင်နှုန်းသည် အိမ်ထောင်ဦးစီး အမျိုးသမီးများ ဖြစ်ပါသည်။

“ စိုက်ပျိုးရေးလုပ်ဖို့ ငွေ ၁၂၅,၀၀၀ ကျပ် (အမေရိကန် ဒေါ်လာ ၁၀၀ ခန့်) ကို ကျွန်မ ရခဲ့ပါတယ်။ အဲဒီငွေက ကျွန်မအတွက် တကယ်ကို လိုအပ်နေတာပါ။ မြေကို ပြုပြင်ဖို့နဲ့ အာလူးမျိုးစေ့တွေဝယ်ဖို့ ကျွန်မ ငွေလိုနေတာ။ အခုဆိုရင် ကျွန်မရဲ့ ယာခင်းမှာ အာလူးတွေ စိုက်ထားပါတယ်။ ကျန်တဲ့ပိုက်ဆံနဲ့ မြေလည်းခတ် နိုင်ခဲ့တယ်။ ”

# iWomen - အမျိုးသမီးများ စိတ်ခွန်အားဖြည့် ဆော့ဖ်ဝဲလ်အား မေတ္တာကမ္ဘာနှင့် UNDP တို့ စတင်မိတ်ဆက်

မြန်မာနိုင်ငံ ကျေးလက်အမျိုးသမီးများကွန်ရက် ဖြစ်သော မေတ္တာကမ္ဘာသည် ကျေးလက်အမျိုးသမီးများကို စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးရန်နှင့် ဗဟုသုတ အရင်းအမြစ်များ ဖြန့်ချိပေးရန် မိုဘိုင်းဖုန်း ဆော့ဝဲလ်တစ်ခုကို စတင် မိတ်ဆက်လိုက်ခြင်းဖြင့် ယနေ့ နည်းပညာကမ္ဘာထဲသို့ ဝင် ရောက်လာခဲ့ပြီ ဖြစ်သည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်နှင့် မေတ္တာကမ္ဘာတို့၏ ပူးပေါင်းဆောင်ရွက်မှု ဖြစ်သော အထက်ဖော်ပြပါ မိုဘိုင်းဖုန်း ဆော့ဖ်ဝဲလ်အသစ်ကို နေပြည်တော်တွင် ကျင်းပသည့် နိုင်ငံတကာ အမျိုးသမီးများနေ့အခမ်းအနားတွင် စတင် ဖြန့်ချိခဲ့ပါသည်။

iWomen - အမျိုးသမီးများ စိတ်ခွန်အားဖြည့် ဆော့ဖ်ဝဲလ်အား မြန်မာကျေးလက် အမျိုးသမီးများက ဒီဇိုင်းပုံစံ ထုတ်ကာ မြန်မာအမျိုးသမီး နည်းပညာရှင်များ ကိုယ်တိုင် အစအဆုံး ရေးဆွဲထားခြင်း ဖြစ်ပါသည်။ ထိုဆော့ဖ်ဝဲလ်သည် မြန်မာနိုင်ငံရှိကျေးလက်အမျိုးသမီးများကို ၎င်းတို့၏ ရပ်ရွာ များတွင် အမျိုးသားများနှင့်တန်းတူ ဦးဆောင်နိုင်သူများ ဖြစ်လာကြပြီး မြန်မာပြည်သူလူထု တစ်ရပ်လုံး၏ ကောင်းကျိုးကို အတူတကွ သယ်ပိုးနိုင်သည်ထိ ပံ့ပိုးပေးသွားရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

“မေတ္တာကမ္ဘာအဖွဲ့ဝင်တွေ အတွက် iWomen ဆော့ဖ်ဝဲလ်ကို ဖန်တီးမှုမှာ ပါဝင်ဆောင်ရွက်ခဲ့ရတာဟာ အလွန်နှစ်သက်ပျော်ရွှင်စရာကောင်းတဲ့ ခရီးတစ်ခုကို သွား ခဲ့ရသလိုပါပဲ။ ကျွန်မတို့အဖွဲ့ဝင်တွေဟာ ဆော့ဖ်ဝဲလ် တစ်ခုဆိုတာ ဒီလိုမျိုးပါလားလို့ ပထမဆုံး သိခွင့်ရခဲ့ပြီး မကြာခင်ရက်ပိုင်းအတွင်းမှာပဲ ဒီမိုဘိုင်း ဆော့ဖ်ဝဲလ်ကို ဒီဇိုင်းပုံစံရေးဆွဲတဲ့နေရာမှာ ပူးတွဲပါဝင် လုပ်ဆောင်ခဲ့ကြရတာပါ။ ဒီဆော့ဖ်ဝဲလ်ဟာ ကျေးလက် အမျိုးသမီးတွေရဲ့ လိုအပ်ချက်တွေကို ဖြည့် ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်´ ဟု ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒေါ်ချိုအေးမှ ပြောကြားခဲ့ပါသည်။

iWomen ဆော့ဖ်ဝဲလ်တွင် ကျေးလက်အမျိုးသမီးများ၏ ယုံကြည်ချက်ကို တည်ဆောက်ပေးပြီး အသိပညာဗဟုသုတ




များကို နေ့စဉ်နှင့်အမျှ ချက်ချင်းလက်ငင်း လေ့လာ နိုင်ပြီး တစ်ဦးကို တစ်ဦး ဆက်သွယ်ကာ အပြန်အလှန် ကူညီပေး နိုင်သော အခွင့်အလမ်းများ ရရှိစေမည့် လုပ်ဆောင်ချက် များလည်း ပါဝင်ပါသည်။ "စိတ်ဓာတ်ခွန်အားဖြည့်ရန်" ဟူသည့် လုပ်ဆောင်ချက်သည် အောင်မြင်သော အမျိုး သမီးများ၏ စွမ်းဆောင်မှုများကို တင်ပြထားသော လမ်းညွှန် ပြသမှု လုပ်ဆောင်ချက်တစ်ခု ဖြစ်ပါသည်။ ကျေးလက် အမျိုးသမီးများသည် အခြားအမျိုးသမီးများ၏ အတွေ့အကြုံ များကို ဖတ်ရှုခြင်းဖြင့် အမျိုးသမီးများ၏ အောင်မြင်သောဘဝ တစ်ခုကို တည်ဆောက်ခဲ့ပုံ နည်းလမ်းအမျိုးမျိုးအား ပိုမို သိရှိခွင့်ရလာလေ၊ အတွေ့အကြုံအသစ်များကို စမ်းသပ် လုပ်ကိုင်ကြည့်ကာ အောင်မြင်အောင် ကြိုးစားလို စိတ်များ ပိုမို ထက်သန်လာလေ ဖြစ်လိမ့်မည်ဟု မေတို့ ကမ္ဘာအဖွဲ့ဝင်များက ယုံကြည်ကြပါသည်။ iWomen ဆော့ဖ်ဝဲလ်တွင် ပါရှိသည့် "ဗဟုသုတရရန်" ဟူသော လုပ်ဆောင်ချက်သည် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရပိုင်ခွင့်များ ကာကွယ်စောင့်ရှောက်ရေးတို့ အတွက် ယုံကြည်စိတ်ချရသော အချက်အလက် များနှင့် အကြံဉာဏ် များကို တင်ပြပေးထားပါသည်။ "ပေါင်းစည်းဆောင်ရွက်ရန်" ဟူသည့် မြေပုံအခြေပြု တည်နေရာပြသမှုလုပ်ဆောင်ချက် အား "မေးမြန်း ဆွေးနွေးရန်" ဟူသည့် လုပ်ဆောင်ချက်နှင့် အတူ အသုံးပြုခြင်းဖြင့် ကျေးလက် အမျိုးသမီးများသည် ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်းများနှင့် ချိတ်ဆက်နိုင်ပြီး အလွန်ဝေးကွာလှသည့် နေရာတစ်နေရာနှင့် တစ်နေရာ အတွေးအခေါ်များကို မျှဝေကာ ရင်းနှီးခင်မင်မှုများ တည်ဆောက်၍ အချင်းချင်း ပံ့ပိုးကူညီမှုများကို ပြုလုပ် နိုင်ကြမည်ဖြစ်ပါသည်။

"ကျေးလက်အမျိုးသမီးတွေဟာ နည်းပညာနယ်ပယ်မှာ ရှေ့တန်းကို ရောက်လာတယ်ဆိုတာ ရှားပါးပေမယ့် ဒီဆော့ဖ်ဝဲလ်ကို ရေးဆွဲခဲ့တဲ့ မေတို့ကမ္ဘာရဲ့ စွမ်းအားတွေနဲ့ နစ်မြှုပ်အားထုတ်မှုတွေဟာ အင်မတန်ချီးကျူးစရာကောင်း လှပါတယ်။ ဒီဆော့ဖ်ဝဲလ်ဟာ မေတို့ကမ္ဘာကွန်ရက်ရဲ့ အဖွဲ့ဝင် ၂၂,၀၀၀ အတွက်သာမကဘဲ မြန်မာနိုင်ငံမှာရှိတဲ့ ဘဝကို တိုးတက်အောင်လုပ်ဖို့ စိတ်ဓာတ်ခွန်အား လိုချင်တဲ့ တခြားကျေးလက်အမျိုးသမီးတွေ အကုန်လုံး အတွက်ပါ အသုံးဝင်မှာ ဖြစ်ပါတယ်" ဟု UNDP ၏ ဌာနေညွှန်ကြားရေးမှူး မစ္စတာတွိုင်လီကိုဗာနော့ဗ်က ပြောကြားသွားခဲ့ပါသည်။

ဤဆော့ဖ်ဝဲလ်အား ရေးဆွဲရန်အတွက် UNDP တီထွင် ဖန်တီးမှုရန်ပုံငွေ၊ ဆွီဒင်နှင့် ဒိန်းမတ် အစိုးရတို့မှ ရန်ပုံငွေများ ပံ့ပိုးပေးခဲ့ ကြခြင်း ဖြစ်ပါသည်။

အန်းဒရိုက် (Android) ဖုန်းများအတွက် ရေးဆွဲထားသော iWomen ဆော့ဖ်ဝဲလ်အား အင်တာနက်လင့်ခ် https://play.google.com/store/apps/details?id=org.undp_iwomen.iwomen မှ ရယူနိုင်ပါသည်။

**" မေတို့ကမ္ဘာအဖွဲ့ဝင်တွေအတွက် IWomen ဆော့ဖ်ဝဲလ်ကို ဖန်တီးမှုမှာ ပါဝင်ဆောင်ရွက်ခဲ့ရတာ အလွန်နှစ်သက် ပျော်ရွှင်စရာကောင်းတဲ့ ခရီးတစ်ခုကို သွားခဲ့ရ သလိုပါပဲ။ ကျွန်မတို့အဖွဲ့ဝင်တွေဟာ ဆော့ဖ်ဝဲလ်တစ်ခု ဆိုတာ ဒီလိုမျိုးပါလားလို့ ပထမဆုံးသိခွင့်ရခဲ့ပြီး မကြာခင်ရက်ပိုင်းအတွင်း မှာပဲ ဒီမိုဘိုင်းဆော့ဖ်ဝဲလ် ကို ဒီဇိုင်းပုံစံရေးဆွဲတဲ့ နေရာမှာ ပူးတွဲပါဝင် လုပ်ဆောင်ခဲ့ကြရတာပါ။ ဒီဆော့ဖ်ဝဲလ်ဟာ ကျေးလက်အမျိုးသမီးတွေ ရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်း ပေးနိုင်မှာ ဖြစ်ပါတယ်။ "**

# ကွင်းဆင်းဆောင်ရွက်သူ၏ မျှဝေမှု - မွန်ပြည်နယ် နယ်မြေရုံးညှိနှိုင်းရေးမှူး ဒေါ်နီနီလွင်

မြန်မာနိုင်ငံ၊ မွန်ပြည်နယ်တွင် ကျွန်မတို့သည် ပြည်သူများ၏ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများနှင့် တိုက်ရိုက်လက်တွဲကာ ဒေသခံအရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာအဖွဲ့အစည်းများနှင့် အတူတကွ ဆောင်ရွက်ပေး လျက် ရှိပါသည်။

မကြာသေးခင်လများအတွင်းတွင် ကျွန်မတို့သည် မွန်ပြည်နယ် CSO ကွန်ရက်၊ ကရင်ပြည်နယ် CSO ကွန်ရက်နှင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသ သတင်းစာဆရာများကွန်ရက်တို့ကို ဖွဲ့စည်းနိုင်ရန်နှင့် ယင်းတို့၏ လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများကို မြှင့်တင်ပေးရန်အတွက် ဒေသခံအရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် သတင်းစာဆရာများကို ကူညီပေးခဲ့ပါသည်။ ကျွန်မတို့၏ အစီအစဉ် မစတင်မီအချိန်က ဒေသခံအရပ်ဖက် လူမှုအဖွဲ့ အစည်းများသည် ကောင်းမွန်သောရည်ရွယ်ချက်များဖြင့် လုပ်ငန်းများကိုလုပ်ဆောင်နေကြသည် မှန်သော်လည်း အချင်းချင်းကြား ပူးပေါင်းဆောင်ရွက်မှုများမှာအတော်အတန် အားနည်း နေခဲ့ပါသည်။ ယခုအခါ အသစ် ဖွဲ့စည်းလိုက်သော ကွန်ရက်များကြောင့် CSO များနှင့် သတင်းစာဆရာများသည် ယုံကြည်မှုမရှိခြင်းနှင့် ပူးပေါင်း စုစည်းကာ အသိပေးဆွေးနွေးမှုများ ပြုလုပ်မှု အားနည်းခြင်း ကဲ့သို့သော ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းနိုင်စေသည် သာမက ဒေသန္တရအဆင့် ဆုံးဖြတ်ချက်ချမှတ်မှုများတွင်လည်း လူထုပါဝင်ဆောင်ရွက်မှုကို တိုးတက်လာစေပါသည်။



ထို့ပြင်ကျွန်မတို့သည်မွန်၊ကရင်၊ကယားပြည်နယ်များနှင့်တနင်္သာရီတိုင်းဒေသကြီးမှ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၊ လွှတ်တော်များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ CSOများ၊ မီဒီယာကွန်ရက်များနှင့်အတူ အရှေ့တောင်ပိုင်းဒေသ ငြိမ်းချမ်းရေးညီလာခံကြီးကိုလည်း ကျင်းပခဲ့ပါသည်။ ညီလာခံသို့ တက်ရောက်ခဲ့သူပေါင်း ၃၇၀ ကျော်ရှိပြီး တက်ကြွသော နိုင်ငံသားများအနေဖြင့် လက်ရှိ ဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ထိုညီလာခံတွင် တွေ့ရှိခဲ့ကြပါသည်။ တက်ရောက်လာသူများထဲတွင် ၃၀ ရာခိုင်နှုန်းသည် နောက်ခံနှင့် ကျွမ်းကျင် မှု အမျိုးမျိုးရှိသော အမျိုးသမီးများ ဖြစ်ကြပါသည်။

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ နေရာဒေသအမျိုးမျိုးမှ လူများအားညီလာခံသို့ စုစည်းခေါ်ယူဖို့ဆိုသည်မှာ ကြီးမားသောစိန်ခေါ်မှု တစ်ခု ဖြစ်ပါ သည်။ သို့သော် မိတ်ဖက်များ၏ ကူညီပံ့ပိုးမှုဖြင့် နောက်ဆုံးတွင် ကျွန်မတို့သည် ညီလာခံကြီးကိုအောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ငြိမ်းချမ်းရေးအတွက် စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ရန် တက်ရောက်လာသူများအား ညီလာခံကြီးမှ ကူညီပေးခဲ့ပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်သူများကြား သတင်းအချက် အလက်မျှဝေမှု၊ မဟာဗျူဟာ စီမံကိန်းရေးဆွဲမှုနှင့် ဗဟုသုတ ဖလှယ်မှုများကို အားပေးမြှင့်တင်သည့် အရှေ့တောင်ပိုင်းဒေသ ငြိမ်းချမ်းရေးတည်ဆောက်မှု ကိစ္စရပ်များ ဆွေးနွေးဖလှယ်ရာ နေရာတစ်နေရာကိုလည်း ညီလာခံကျင်းပ စဉ်အတွင်း ဖန်တီးဖော်ဆောင်နိုင်ခဲ့ကြပါသည်။

မတ်လကုန်ပိုင်းတွင် ကျွန်မတို့သည် မွန်နှင့် ကရင်ပြည်နယ်များရှိ CSO များနှင့်ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးတည်ဆောက်မှု ရန်ပုံငွေပြန်လှန် သုံးသပ်လေ့လာမှုဆိုင်ရာ အစည်းအဝေးတစ်ခုကိုလည်း ပံ့ပိုးကူညီပေးခဲ့ပါသည်။ CSO များမှ ငြိမ်းချမ်းရေးညီလာခံနောက်ပိုင်း ၎င်းတို့ စတင်ဆောင်ရွက်ခဲ့သည့် အစီ အစဉ်များနှင့် အတွေ့အကြုံများကို မျှဝေခဲ့ကြပါသည်။ CSOများသည် ၎င်းတို့၏ နယ်မြေဒေသများတွင် ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် ပဋိပက္ခတားဆီး ကာကွယ်ရေး သင်တန်းများကို ကျင်းပပေးနေသလို ငြိမ်းချမ်းရေးအတွက် အသိပေးဆွေးနွေး မှုများကိုလည်း ပြုလုပ်လျက်ရှိပါသည်။ အပစ်အခတ်ရပ်စဲမှုကို စောင့်ကြည့်လေ့လာသည့် လုပ်ငန်းစဉ်တွင် နိုင်ငံသားများ၏ ပါဝင်ဆောင်ရွက်မှုသည် ငြိမ်းချမ်းရေးညီလာခံမှ သင်ယူရရှိခဲ့သည့် အရေးကြီးသော အချက်တစ်ခု ဖြစ်ကြောင်း CSO များက ပြောပြခဲ့ကြပါသည်။

တစ်ခါတစ်ရံ ကျွန်မတို့သည် ရှေးရိုးစဉ်လာလူမှုအသိုင်းအဝိုင်း တစ်ခုတွင် သဘောတရားအသစ်များကို မိတ်ဆက်ရသည့်အခါ စိန်ခေါ်မှုများကို တွေ့ကြုံရပါသည်။ ဥပမာ လူမှုကျွမ်းဝင် ရင်းနှီးပေါင်းစပ်မှုသည် ကျွန်မတို့၏ စီမံချက်ဒေသများတွင် အသစ်အဆန်းတစ်ခု ဖြစ်နေသည့်အတွက် ထိုသဘောတရားအား ကျွန်မတို့နှင့် ဆက်စပ်ပတ်သက်သူများ နားလည်သိရှိစေရန် အချိန်ပိုပေးကာ အင်အား ပိုမို စိုက်ထုတ်ခဲ့ရပါသည်။

ကျွန်မတို့၏ လုပ်ဖော်ကိုင်ဖက်များအပါအဝင် ဆက်စပ်ပတ်သက်သူ အမျိုးမျိုးထံမှ တုံ့ပြန်အကြံပြုမှုများသည် ကျွန်မတို့ အစီအစဉ်၏ အရည်အသွေး တိုးတက်ကောင်းမွန်စေရေးအတွက် အရေးကြီးသည်ဟု နယ်မြေရုံး ညှိနှိုင်းရေးမှူးတစ်ဦးအနေဖြင့် ကျွန်မ ယုံကြည်ပါသည်။ ထိုတုံ့ပြန်အကြံပြုမှုများ မရရှိဘဲနှင့် ကျွန်မတို့သည် ကျွန်မတို့၏ လုပ်ငန်းများကို ပိုမိုထိရောက်စေမည့် နည်းလမ်းသစ်များနှင့် ဆန်းသစ်တီထွင်သည့် အတွေးအခေါ်များကို ဖန်တီးကြံဆ အသုံးချနိုင်မည် မဟုတ်ပါ။

နီနီလွင်

နယ်မြေရုံးညှိနှိုင်းရေးမှူး (Area Office Coordinator)